# စိတ်ကိုချုပ်တည်းခြင်း

ကျမ်းမာခြင်းချမ်းသာခြင်း စည်းစိမ်ကိုအသက်ရှည်စွာခံစားလိုက အဘာယ်အရာမျှ အလွန်မကျင်ရစိတ်ကိုချုပ်တည်းရာ၏။ အပျော်အပါး ကိုလွန်စွာမက်သောလိုက်စားလိုသော စိတ်သည် ဆင်းရဲဒုက္ခ အမျိုးမျိုးတို့ကို ဖြစ်အောင် သွားဆောင်ဖြားယောင်း သော စိတ်ဖြစ်၏။

အဖြစ်ဘက်သို့သာဆွဲသောစိတ်သည် မကောင်း ဆိုးဝါးစိတ်ဖြစ်၏။ ထိုစိတ်ထိုရန်သူပေါ် ပေါက်မည့်အခါသတိဉာဏ် ဆင်ခြင်တုံတရားကို သက်တော်စောင့်သဘွယ် ထားရမည်။ သွေးဆောင်နေသောစိတ်သည် ရန်သူ၏စကားကို နားယောင်၍ လိုက်မိက ဒုက္ခနယ်ထဲသို့ ရောက်ရတော့မည် ဟူသတည်း။

ငယ်ရွယ်သူတို့သည် အပျော်အပါးနှင့်မတွေ့ရသေးမီ ထိုရန်သူ၏ သွေးဆောင်ခြင်းကို မခံကြပေ။ အပျော်ကြောင့်ပျက်ဆီးသူ ဟူသမျှ တို့သည် ရှေးဦးပထမ အပျော်စိတ်က သွေးဆောင်သည်မဟုတ် အပျော်စိတ်တည်းဟူသောဆင်ကြီးကိုဆိတ်သူငယ်ပမာ သွေးဆောင် ၍နိုးကြသောကြောင့် အပျော်စိတ်၏သံညှပ်၌ကြွက်သူငယ် အမိခံရ သလို ဖြစ်တတ်သည်။ အပျော်ကလာ၍မစ အပျော်ကိုအကြောင်းမဲ့ သွား၍စပြီး မဟာမိတ်ဆွေ ဖွဲ့ကြသဖြင့် အပျော်တည်းဟူသော မြွေငန်းကြီး၏ ပတ်ရစ်ခြင်းကိုခံရလျှက် မလွတ်နိုင်ဘဲ နေကြလေ သည်။အပျော်သည်သဲဗွက်နှင့်တူသည် သဲဗွက်သည် လှုပ်လေမြုပ်လေ ဖြစ်ပြီး သဲဗွက်အတွင်း သေရလေသည်။

အပျော်၏စေတမာန်များသည် အပျော်သို့သွေးဆောင်၍ခေါ်သော မကောင်းသောအပေါင်းများ ဖြစ်ကြ၏။ အပျော်နှင့်မတွေ့ဖူးသောလူငယ်လူရွယ်သည် အပျော်သမားများ၏ ချစ်ခင်လိုလားခြင်းဝေးမှရှောင်ကြရ၏ ကနဦးစတွင်အပျော်ရ အရသာသည် အလွန်ထူး၏။ ထိုနောက်အရသာပျောက်ကွယ်ကာ မပျော်ဘဲ မနေနိုင်အောင်စွဲသောအဖြစ်သို့ရောက်ကြရသည်။

ထိုအခါအပျော်သည်ပျော်ပါးပြီးနောက် ခံရသောဒုက္ခကို မမှီတော့ ပေ၊ အပျော်သည်အရှုံးအဖြစ်သို့ မကြာမီရောက်အောင်ပို့၏။ သားမယားအတွက် အဘာယ်မျှပင် ပူပင်ကြောင့်ကြဖြစ်ငြားသော် လည်း အပျော်သမားမှာ စောစောစီးစီးအသေ မဖြောင့်ဘဲခွဲခွါရ၏။

အပျော်သည်သက်တမ်းကိုတိုစေကြောင်း မယုံကြည်ကြချေ။ အပျော်ဘက်ကိုဆွဲ သောစိတ်သည်ပျော်ပျော်နေသေခဲသည်ဟူသော ဆင်ခြေနှင့် မုသားသုံးကာ ပျက်စီးကြောင်းကြံလေ့ရှိ၏။ ၎င်းစကား ကိုမိုက်မှား နားထောင်သဖြင့်ဒုက္ခ ဖြစ်သူတွေ များလှချေပြီ။

စိတ်ညစ်သောကြောင့်အရက်ကိုသောက်ခြင်းကြောင့် စိတ်ညစ်မပြေ လွယ်ကူသော လက်ရှိက ရတ်တရက်အသက်ကိုပင် ချွေနိုင်သည်။

ထိုအခါစိတ်ညစ် ၍သေသည်ဟု ပြောကြလိမ့်မည်၊ စင်စစ်မှာကား အပူရ၍သေရခြင်း ဖြစ်လေသည်။ ပြည့်တန်ဆာမိန်းမများနှင့် ပျော်ပါးခြင်သည် မြွေပွေး၏ ခံတွင်းသို့ လက်ကိုထိုးသွင်းသည်နှင့် တူ၏။ များစွာသောပြည့်တန်ဆာမတို့မှာ အမြင်အားဖြင့်ဖြူစင် အောင် ထုံဖြူသုတ်သရိုင်းနှင့် တူကြ၏ ၎င်းတို့၏ညစ်ညမ်းခြင်း မသန့်ရှင်းခြင်းကို သနပ်ခါး၊ပေါင်ဒါက ဖုံးကွယ်၍ထားသဖြင့် မမြင်ကြရချေ။ အပျော်သမားမှန်းကိုရုပ်သွင်ကသိသာ၏ ရုပ်အသွင် သည်ဆုတ်ယုတ် ပျက်စီးသောရုပ်အသွင်သာဖြစ်လေသည်။ ၎င်းတို့မှာ ချိနဲ့ နတ်သိမ်မေးမိန် ပျော့ညံ့ မသန့်မရှင်း၊ အဆင်းမစို၊ တပိုင်းသေတပိုင်းပုတ်ကိုယ်ခန္ဓာမှာအသက်ကလေးထွက်၍ နေသည်နှင့် တူကြလေသည်။

အပျော်သည်ညာ၏ အလုပ်ဖြစ်၏ ညအလုပ်သည် မမြတ်သောအလုပ်ဖြစ်၏။ ညဥ့်ထွက်၍ပျော်သူတို့သည်
ငှက်ဆိုးငှက်မျိုး ဖြစ်ကြလေသည်။ငင်းတို့မှာ ညကိုနေ့လုပ်ကြသဖြင့်အသက်တိုစေ ကြသည်ကာ ဓမ္မတာ
သဘောတရားနှင့် ဆန့်ကျင်စွာပြုကြ သော ကြောင့်တည်း။တိုတောင်းသော အပျော်နာရီအချိန်ကုန်လွန်၍
သွားသောအခါ ပျော်၍လည်းအားမရ၊ လူလုံးလဲမလှကိုယ်စိတ်နှစ်ဖြာ မချမ်းသာဖြစ်ကြရလေသည်။
အပျော်ကြောင့် အစားမမြိန်အိပ်၍ မပျော် အမြဲပျော်၍မနေရခြင်းကြောင့်ဒုက္ခများကြလေသည်။
ကျမ်းမာခြင်းသည် အလှအပေါင်းတို့၏ ဘုရင်ဖြစ်၏။ ကျမ်းမာလျှင် အသံသာခြင်း၊အဆင်းတောက်ခြင်း၊
ပေါ့ပါးလျင်မြန်ခြင်း၊ ကျမ်းမာခြင်း ၏အသွင်သည် အပြစ်ကင်းစင်ခြင်း၏ လက္ခဏာပင်ဖြစ်လေသည်။
ထိုကြက်သရေ ရှိသောကျမ်းမာခြင်းသည်။ ပဒုမ္မာကြာပန်းနှင့်တူ၏၊ ကျမ်းမာသူ၏
အကြောများသည်တောင့်တင်းခိုင်မာ၏ အရိုးများမှအားရှိ၏ အလုပ်သည်ကျမ်းမာသူ၏ အပျော်ဖြစ်စေရာ၏။
အပျော်အပါးမလိုက်စားသူမှာ ထိုင်ရာ၌ စည်းစိမ်လျှောက်ရာ၌ စည်းစိမ်အိပ်ရာ၌
စည်းစိမ်စားရန်မြိန်ရှက်အသက်ရှည်စွာ ကျမ်းမာခြင်း အရသာကို ခံစားရ၏။ ထိုကျမ်းမာခြင်း
အဘယ်အရာသည်ဖျက်ပါ သနည်း၊ အအိပ်အစားမမှန် အပျော်လွန်ခြင်းသာလျှင် ပျက်အောင်
ဖျက်နိုင်လေသည်။အပျော်အပါးမရှိသူတို့၏ သွေးသားသည် စင်ကြယ်၏။ စိတ်သည်ကြည်လင်၏
ဆေးဝါးခမကုန်မကျပေ။ အပျော်ဆေးသည် သောက်၍မဝသောရေဖြစ်၏ ဝနီးဝနီးနှင့်
သောက်ကြ၏အပျော်တမျိုးကိုငြီးငွေ့သည့်အခါ စိတ်နှလုံးလွန်စွာ သွေ့ခြောက်ပြီးတမျိုးသော
ပေါင်းသင်းခြင်း သည်စည်းစိမ်ထက် ဒုက္ခပိုစေလေသည်။အပျော်မနှင့်ပျော်ပါးကုန်ကြပြီးနောက် ၊
အပျော်အိမ်မှ ဆင်း၍လာလမ်းခုလပ်တွင်အခြားအလားတူအပျော် ဘက်ကိုဆက်ချင်၏။ ဆက်နိုင်သော
အခြေအနေရှိကဒုက္ခ၊ မဆက်နိုင်သောအခြေ အနေရှိကဒုက္ခပေတည်း။စိတ်ကိုချုပ်တည်း ခြင်သည်
လေ့ကျင့်သလောက်စွမ်း၏။ ချုပ်တည်းမှုကို လုံးလုံးမပြုဘူးသူတို့မှအတွေ့ကိုမရှောင်နိုင်။
လူသည်မိမိကိုယ်ကို မိမိ အစိုးရ၏။ အပျော်စိတ်နိုင်လိုကနိုင်နိုင်၏ နိုင်စရှိလျှင်နိုင်၏
ရှုံးစရှိလျှင်ရှုံးမည်သာတည်း။ နိုင်စရှိအောင်ငယ်စဉ်က လေ့ကျင့်ခြင်း ရအောင်ကြိုးစားကြပါကုန်။
ကုလားအုပ်သည် သဲကန္တာရ၌ အစာရေစာ အငတ်ခံ၍အပူအလောင်နှင့်တွေ့ရသော်လည်း
အားအင်မဆုတ်သလို ရဲရင့်သောစိတ်ရှိသည့်လူတို့မှာလည်း ခံနိုင်သောသတ္တိရှိကြလေ၏
ရဲရင့်သောစိတ်သည် ကံဆိုးကြမ္မာအဘယ်မျှ ပင်ကပ်ရောက်နိုပ်စက် သော်လည်း၊
မတုန်မလှုပ်လဲပြိုတိမ်းစောင်းခြင်းမရှိနိုင်။ ကံကြမ္မာကောင်း မှစိတ်ချမ်းသာရမည်မဟုတ်၊
ကံကြမ္မာဆိုးသော်လည်း ပြုံးရွှင်၍ နေနိုင်သောသတ္တိရှိစေရာ၏။

>>ပီမိုးနင်း၏ လောကမျက်မှန်မှကူးယူဖော်ပြသည်>>